# အချက်အလက် စာရွက်

## Supervised Group Living ကြီးကြပ်မှုရှိသော အုပ်စုလိုက်နေထိုင်ခြင်း အကြောင်း

**Division of Disability and Rehabilitative Services**
*Bureau of Developmental Disabilities Services*

Supervised Group Living ကြီးကြပ်မှုရှိသော အုပ်စုလိုက်နေထိုင်ခြင်း၊ အုပ်စုလိုက် နေထိုင်သောအိမ် ဟုလည်းသိရသော အိမ်များသည် သတ်မှတ်ချက်နှင့် ကိုက်ညီသော ဉာဏ်စွမ်းရည် သို့မဟုတ် ဖွံ့ဖြိုးမှုဆိုင်ရာ မသန်စွမ်းမှုရှိသူများ နေထိုင်ရန်အတွက် ရွေးစရာတစ်ခုဖြစ်သည်။ SGL နေရာတစ်ခုတွင် သာမန်အားဖြင့် လူ ငါးဦးမှရှစ်ဦးအထိ ရှိပါသည်။ ကြီးကြပ်မှုရှိသော အုပ်စုလိုက်နေထိုင်ခြင်းအတွက် လူကိုထားမည့်နေရာနှင့် ဆောင်ရွက်ပေးမည့် ဝန်ဆောင်မှုများသည် လူတစ်ဦးချင်း၏ အသက်၊ လိုအပ်သောပံ့ပိုးမှုနှင့် အကျိုးဖြစ်မှုများ အပေါ် မူတည်ပြီး ကွဲပြားကြပါသည်။

### မိမိအနေနှင့် သတ်မှတ်ချက်နှင့် ကိုက်ညီပါသလား။

SGL တွင် နေရာချပေးစေချင်လျှင် သင့်အနေနှင့် အသက် 22 နှစ်မပြည့်ခင် ဉာဏ်စွမ်းရည်ဆိုင်ရာ မသန်စွမ်းမှု၊ ဖွံ့ဖြိုးမှုဆိုင်ရာ မသန်စွမ်းမှု သို့မဟုတ် သက်ဆိုင်ရာ ရောဂါအခြေအနေ ရှိကြောင်း ဆေးစစ်တမ်း ရှိရမည်ဖြစ်ပြီး ကန့်သတ်ထားသော ရက်မရှိဘဲ ထိုရောဂါအမျိုးအစား ဆက်ဖြစ်နေမည့် အခြေအနေရှိရမည်။

ကုသစောင့်ရှောက်မှု အဆင့်နှင့် ကိုက်ညီရမည်။ ကုသစောင့်ရှောက်မှုအဆင့်ကို လူ့ဘဝတွင် အဓိကကျသော ကဏ္ဍခြောက်မျိုးကို စစ်ဆေးခြင်းဖြင့် ဆုံးဖြတ်သည်။ ၎င်းတို့မှာ မိမိကိုယ်မိမိ စောင့်ရှောက်မှု၊ လေ့လာသင်ကြားမှု၊ မိမိကိုယ်မိမိ လမ်းညွှန်မှု၊ မှီခိုကင်းစွာနေထိုင်နိုင်စွမ်း၊ ဘာသာစကားနားလည်မှုနှင့် အသုံးပြုမှု၊ နှင့် ရွေ့လျားသွားလာနိုင်မှု များဖြစ်သည်။ လူ့ဘဝအတွင်း ကဏ္ဍခြောက်မျိုးအနက် အနည်းဆုံးသုံးမျိုးတွင် နေထိုင်သွားလာရေး အတွက် ခိုင်လုံသည့် ကန့်သတ်ချက်များရှိကြောင်း ဖော်ပြရမည်။

လိုက်ဖက်ညီသော မယ်ဒီကိတ်အမျိုးအစား ရရှိရန်အတွက် သတ်မှတ်ချက် များနှင့်လည်း ကိုက်ညီမှုရှိရမည်။

သင့်အနေနှင့် SGL ကြီးကြပ်မှုဖြင့် အုပ်စုလိုက်နေထိုင်သော အချိန်တွင် အိမ်နှင့်လူ့အသိုင်းအဝိုင်း နေရာများကိုအခြေခံသော သက်ညှာခွင့်အစီအစဉ် ဝန်ဆောင်မှုများ မရရှိနိုင်ပါ။

### မိမိအနေနှင့် မည်သို့လျှောက်လွှာ တင်ရသနည်း။

သင့်ဒေသဆိုင်ရာ BDDS ရုံးကိုဆက်သွယ်ပြီး လျှောက်လွှာတစ်စောင် တောင်းဆိုနိုင်သည်။ သင့်ဒေသဆိုင်ရာရုံးကို ရှာဖွေရန်အတွက် **800-545-7763** သို့ဖုန်းဆက်နိုင်သည်၊ သို့မဟုတ် **http://www.in.gov/fssa/ddrs/4088.htm** တွင်ဖတ်ရှုနိုင်သည်။ သင့်မှာ မေးခွန်းများ တစ်ခုခုရှိပါက ဖြေကြားရန်အတွက် Bureau of Developmental Disabilities Services ဝန်ထမ်းများ ရှိပါသည်။

*Division of Disability and Rehabilitation Services Bureau of Developmental Disabilities Services အစီအစဉ်အနေနှင့် လူတစ်ဦးချင်း နှင့် မိသားစုများ ရင်ဆိုင်ရသော စိန်ခေါ်မှုများကို အသိအမှတ်ပြုပြီး လူ့အသိုင်းအဝိုင်းတွင် နေထိုင်ခြင်း၊ ချစ်ခြင်း၊ အလုပ်လုပ်ခြင်း၊ ကစားခြင်းနှင့် အိပ်မက်များ ဖြည့်ဆည်းခြင်း၊ စသည့်လူတစ်ဦး၏ အခွင့်အရေးကို တန်ဖိုးထားပါသည်။*

**Indiana Family & Social Services Administration**
**402 W. WASHINGTON STREET, ROOM W453**
**INDIANAPOLIS, INDIANA 46204-2739**
**www.fssa.IN.gov | www.in.gov/fssa/ddrs/2639.htm**

Indiana Family and Social Services Administration
အဖွဲ့အနေနှင့် လူမျိုး၊ အသားအရောင်၊ ယုံကြည်ကိုးကွယ်မှု၊ လိင်၊ အသက်၊ မသန်စွမ်းမှု၊ မူရင်းနိုင်ငံ သို့မဟုတ် မျိုးရိုးအပေါ် အခြေခံ၍ ခွဲခြားဆက်ဆံမှုများမလုပ်ပါ။

FSSA 1078 (6-18) #5674

**BDDS**
Indiana Bureau of Developmental Disabilities Services